
ပစ္စုပ္ပန်မျှော်စင်
ဗျူး

# အခန်း (၁)

ကျူး မျက်ဝန်းတွေ ကို ဖျတ်ခနဲ ဖွင့်ကြည့်မိသည်။ မှန်ပြတင်း မှာ တပ်ဆင်ထားသော အပြာနုရောင် အခန်းဆီးကို မနက်ခင်းရဲ့ အလင်း တို့ ထိုးဖောက်ဝင်နေပြီ။ နိုးလာပြီ ဖြစ်ပေမယ့် ကျူး မထသေးဘဲ ခုတင် ဘေးက စားပွဲဆီကို ခေါင်းလေးငဲ့ကြည့်မိသည်။

မနက် ခြောက်နာရီထိုးဖို့ ဆယ်မိနစ်တောင် လိုသေးသည်။

တကယ်ဆို ညတုန်းကလည်း ကျူး အိပ်မပျော်ခဲ့ပါ။ မနက်ဖြန် ဆိုလျှင် ဧပြီ နှစ် ဆယ့်ငါးရက်ဆိုသော အတွေ းနှင့် ကျူး ရင်ထဲမှာ ဝေဒနာခံစားချက်တွေ အုံကျင်းဖွဲ့ပူလောင်နေခဲ့သည်။

ဧပြီ နှစ် ဆယ့်ငါးရက် ဆိုတာ ကျူး ရဲ့ မွေးနေ့ရက်လေးပါပဲ။ လူသားတိုင်းအတွက်တော့ မွေးနေ့ရက်လေးရောက်တိုင်း ပျော်ရွှင်ကြည်နူး စွာ နဲ့ ဖြတ်သန်းကြမှာ သေချာပါတယ်။ ကျူး အတွက်တော့ မွေးနေ့ရက် လေးရောက်တိုင်း အယူခံဝင်ခွင့်မရှိတဲ့ ကိန်းစာတွေ နဲ့ နာကျင်မှု တွေ အသစ်ပြန် ဖြစ်တည်လာတတ်စမြဲ။

"မိုးသားကျူး ရင့်" ဆိုသော ကျူး ဘဝမှာ ပျော်ရွှင်ကြည်နူးစရာ ကောင်းတဲ့ မွေးနေ့ရက်တွေ ကို ပိုင်ဆိုင်ရှင်သန်ခဲ့ဖူးပါသည်။ ကျူး အသက် တစ်ဆယ့်သုံးနှစ် မြောက် မွေးနေ့ရက်လေးအထိ ဒယ်ဒီ၊ မာမီနှင့်အတူ ကြည်နူးစရာကောင်းသော မွေးနေ့ပွဲလေး နှစ် စဥ်တိုင်း ပိုင်ဆိုင်ခဲ့ဖူးသည်။

ဟိုးငယ်ငယ်တုန်းက ဒီလိုနေ့ရက်တိုင်းမှာ ကျူး အတွက် ကတော့ ပျော်ရွှင်ကျေနပ်စရာတွေ အတိနှင့်။ ပြန်တွေ းမိတိုင်း အမြင်အာရုံပုံရိပ် တွေ ထဲမှာ ခမ်းနားစွာ အသက်ဝင်နေဆဲ။

"Happybirthday to you"

"Happybirthday to you ... မိုးသားကျူး ရင့်"

စန္ဒရားတေးသွားသံစဉ်က ငြိမ့်ငြိမ့်လေးစီးမျောကာ မွေးနေ့ ကိတ်ကြီး တင်ထားတဲ့ စားပွဲကြီးဘေးမှာ ဒယ်ဒီ၊ မာမီနဲ့ သူငယ်ချင်းတွေ ညီညီညာညာ ဆုတောင်းသီချင်းလေး သီဆိုပေးခဲ့ကြတာတွေ ။

သီချင်းလေးဆုံးတော့ မွေးနေ့ကိတ်ကြီးပေါ်က ဖယောင်းတိုင် လေးကို ကျူး ပျော်ပျော်ရွှင်ရွှင်နဲ့ မီးမှု တ်ငြိမ်းသတ်တော့ လက်ခုပ်သံတွေ က ဝေါခနဲ လျှံထွက်လာကြသည်။

လက်ခုပ်ဩဘာသံတွေ ကြားက ဒယ်ဒီကော မာမီပါ ကျူး ကို ကြည်နူးအပြုံး တွေ နှင့် ကြည့်နေခဲ့တာ ဘယ်တော့မှ မမေ့နိုင်ပါ။

''မင်္ဂလာမွေးနေ့လေးပါ သမီး၊ သမီးအတွက် မွေးနေ့လက် ဆောင်လေးကို ဒယ်ဒီ အရင်ဆုံး ချီးမြှင့်ပါရစေဦး''

အပြုံး တွေ ဝေနေသော မျက်နှာနှင့် ပြောရင်း ဒယ်ဒီ ကုတ်အင်္ကျီ ထဲက နှိုက်ထားတဲ့ လက်ကို ဆွဲထုတ်တော့ အနီရောင် ဘူးလေးပါလာ သည်။

ကျူး ကော ဝိုင်းကြည့်နေကြသည့် သူငယ်ချင်းတွေ ပါ ဒယ်ဒီ့ရဲ့ လက်ဆောင်ကို စိတ်ဝင်စားနေကြသည်။ ဒယ်ဒီက မာမီလက်ထဲကို ဘူးလေးကမ်းပေးသည်။

မာမီ ကိုယ်တိုင် ဒယ်ဒီပေးတဲ့ လက်ဆောင်ကို ကျူး လက်ထဲ ကမ်းပေးတော့မှ ကျူ း အားလုံးရှေ့မှော က်မှာ ဖွင့်ကြည့်လိုက်၏ ။

''ဟယ်''

''အို လှလိုက်တာ''

''စိန်ဘယက်လေးနော်''

အားလုံးနှုတ်က ဝမ်းသာအားရ ရေရွတ်သံတွေ ကြားမှာ ကျူး ရင်ထဲမှာ လည်း ပီတိတွေ ဖြာဝေနေခဲ့သည်။ နှစ် စဉ်တိုင်း ဒယ်ဒီ ပေးတတ် သော လက်ဆောင်တွေ ကို ကျူး ပိုင်ဆိုင်ခဲ့ရပါသည်။

စိန်လက်စွပ်လေးတွေ ဟန်းန်ချိန်း၊ ဖုဒ်ချိန်းတွေ တစ်နှစ် နှင့် တစ်နှစ် မတူရ

မထပ်ရအောင် ဒယ်ဒီက ပေးတတ်သည်။ တစ်ဦးတည်း သော သမီးလေးကို တန်ဖိုးကြီးမားသော ရတနာတွေ ကိုပဲ ဒယ်ဒီက ပေးတတ်သည်။

''ကျူး နင့်ဒယ်ဒီက နင့်ကိုသိပ်ချစ်တာပဲနော်''

''အေးဟယ် နင် အရမ်းကံကောင်းတာပဲ''

သူငယ်ချင်းတွေ က ကျူး ဘဝလေးကို အားကျစွာ ပြောကြတိုင်း ကျူး ကျေနပ်ရစမြဲ ဖြစ်သည်။

ဒယ်ဒီနှင့် မာမီရဲ့ တစ်ဦးတည်းသော သမီးလေး ဖြစ်ခွင့်ရ တာကို ကျူး ဂုဏ်ယူဝမ်းသာမိသည်။ ကျူး အပေါ်မှာ ဒယ်ဒီနှင့်မာမီတို့ ဝိုင်းလို့အချစ်ပိုကြသော ဘဝလေးကို ကျူး ကျေနပ်ပါသည်။

''ဒယ်ဒီ့သမီးလေး နောင်နှစ် တစ်ရာကျော်တိုင် ဒယ်ဒီ မာမီတို့နဲ့ အခုလို မွေးနေ့ပွဲကြီး ကျင်းပနိုင်ပါစေဗျာ''

''ပေးတဲ့ဆုနဲ့ပြည့်ပါရစေ ဒယ်ဒီ''

ဒယ်ဒီ ဆုတောင်းပေးတိုင်း ကျူး ကြည်နူးအပြုံး တွေ နှင့် ပြန် ဆုတောင်းမိစမြဲ ဖြစ်သည်။

ကျူး ဘဝလေး နှစ် တစ်ရာကျော်တိုင် ပျော်စရာ မွေးနေ့တွေ ကြုံစေဖို့ ဆုတောင်းပေးခဲ့သော ဒယ်ဒီကိုယ်တိုင်ကပဲ ကျူး နှင့်မာမီကို စောစီးစွာ လမ်းခွဲသွားခဲ့တာ ဖြစ်သည်။

ဒယ်ဒီရဲ့ တစ်ဦးတည်းသော သမီး တစ်ယောက် ဖြစ်ခွင့်ပေးခဲ့ သော ကံကြမ္မာကို ကျူး ကျေးဇူးတင်ခဲ့သမျှတွေ က တကယ်ကို မှား ယွင်း ခဲ့မှု ကြီးပါပဲ။

ကျူး ရဲ့ ပျော်စရာမွေးနေ့ရက်လေးက ကျူး အသက် တစ်ဆယ့် သုံးနှစ် မြောက် မွေးနေ့အပြီးမှာ ပဲ ပြိုကွဲပျက်စီးခဲ့ရသည်။

ကျူး အံ့ဩတုန်လှုပ်စွာ သိလိုက်ရသည်က ဒယ်ဒီမှာ မာမီအပြင်

သံယောဇဉ်နှောင်တွယ်နေသော မိန်းမ တစ်ယောက် ရှိနေခြင်းပင်။ ထိုထက် ပိုမို နာကျင်ခံစားရသည်က ထိုမိန်းမနှင့်အတူ ဒယ်ဒီမှာ ကျုး ထက် တစ်နှစ် တိတိငယ်သော သမီး တစ်ယောက် ပါ ရှိနေခြင်း ဖြစ်သည်။

"မာမီ ဘယ်လိုမှ မယုံနိုင်ဘူး၊ လက်ခံ နားလည်ပေးလို့လည်း မရဘူး သမီးရယ်၊ ဘယ်လောက် နာကျင်ခံရခက်ဖို့ကောင်းသလဲ၊ မာမီ ရှိနေရဲ့ နဲ့ သူက တစ်ပါးရင်ခွင်မှာ ပျော်ရွှင်နေခဲ့တာ၊ ဒီအချိန် ဒီကာလ ကြီးအထိ မာမီ အကြွင်းမဲ့ ယုံခဲ့တာ အားလုံးရှက်ဖို့ကောင်းလိုက်တာ"

မာမီ နာကျင်ကြေကွဲစွာ ဆိုခဲ့သော စကားတွေ နှင့် မာမီရဲ့ မျက်ရည်တွေ ကို ကျုး မမြင်ရက်ခဲ့ပါ။

မာမီ ခံစားနာကျင်ရသလိုပဲ ကျုး လည်း ဒယ်ဒီအပေါ်မှာ နာကျင်ခံစားခဲ့ရတာ ပဲ ဖြစ်သည်။ အမြဲတမ်း ဒယ်ဒီအတွက် ပထမအ ဖြစ်ပဲ ရှိချင်ခဲ့သော ကျုး ဘဝမှာ ဒုတိယဆိုသော အရာကို မုန်းတီးခဲ့မိသည်။

ဒယ်ဒီရဲ့ ဒုတိယမြောက်သမီးတဲ့လား။

ဒါကို သိလိုက်ရချိန်မှာ ပဲ ဒယ်ဒီကို ကျုး ဆုံးရှုံးခဲ့ရတာ ဖြစ်သည်။ ကျုး သိပ်ချစ်သော ဒယ်ဒီသည် ဒုတိယသမီး အရိပ်အောက်ကို ရောက် သွားခဲ့တာ အကြီးမားဆုံးသော ဆုံးရှုံးမှု ကြီးပါပဲ။

သည့်နောက်ပိုင်းမှာ ကျုး ပိုင်ဆိုင်ခဲ့ရသော မွေးနေ့တိုင်းသည် ပြည့်စုံကျေနပ်စရာ မကောင်းခဲ့တောပါ။ အနားမှာ ဒယ်ဒီ မရှိတော့ပေမယ့် မာမီက ကျုး မွေးနေ့တွေ ကို မပျက်မကွက်ပြုလုပ်ပေးခဲ့ပါသည်။

ဒါပေမဲ့ အရင်လို ကြည်နူးပျော်စရာမကောင်းခဲ့တာတော့ သေချာပါသည်။ မေမေနှင့်အတူ မွေးနေ့ပွဲလေးကျင်းပနေတိုင်း ကျုး ရင်ထဲမှာ မွန်းကြပ်စွာ ခံစားနေရတာ ...။

ကျုး တို့အနားမှာ ဒယ်ဒီ မရှိဘဲ ကျုး အမုန်းဆုံးသော ဒုတိယ သမီးအနားမှာ

ဒယ်ဒီ ရှိနေသည်ဆိုသော အသိကြောင့် ပင် ဖြစ်သည်။

နာကျင်ခံပြင်းစရာကောင်းလောက်အောင် တိုက်ဆိုင်မှု ကလည်း ဒယ်ဒီ့ရဲ့ ဒုတိယသမီးမွေးနေ့ကလည်း ကျူး နှင့် အတူ ဧပြီ နှစ် ဆယ့်ငါး တဲ့။

ကျူး ရဲ့ ဆယ့်သုံးနှစ် မြောက်မွေးနေ့အထိ အနားမှာ ရှိခဲ့သော ဒယ်ဒီသည် သည့်နောက်ပိုင်းတွေ မှာ တော့ ဒုတိယဆီမှာ ပဲ ရှိနေခဲ့ပြီဟူ သော အသိက ကျူး နှလုံးသားကို နာကျင်ခံရခက်စေပါသည်။

ဒယ်ဒီ အနားမှာ မရှိဘဲ ဖြတ်သန်းခဲ့ရသော မွေးနေ့တိုင်းမှာ ကျူး အတွက် မာမီ ပေးသော လက်ဆောင်က ကျူး ရဲ့ ငိုကြွေးမှု တွေ ကို နှစ် သိမ့်မျက်ရည်သုတ်ပေးခြင်းပဲ ဖြစ်သည်။

အခုတော့ ကျူး အနားမှာ မာမီလည်း မရှိတော့သလို ကျူး မုန်းသော ဒုတိယအနားမှာ လည်း ဒယ်ဒီ မရှိရှာတော့ပါ။

လွန်ခဲ့သော သုံးနှစ် က ဒယ်ဒီဆုံးတာကို ကျူး သတင်းကြား သည်။ ဒါပေမဲ့ ကျူး မသွားခဲ့ပါ။ မာမီ ဆုံးတုန်း ကတော့ ဒယ်ဒီ လာပါ သေးသည်။ ကျူး ကို နှစ် သိမ့်စကားတွေ နှင့်အတူ အစစ တာဝန်ယူဖို့ ဒယ်ဒီပြောပေမယ့် ကျူး ခါးသီးစွာ ငြင်းခဲ့သည်။

''သမီးက သမီးမာမီလိုပဲ ဒယ်ဒီကို နာကျည်းနေပြီပေါ့၊ ဒယ်ဒီ စိတ်မကောင်းလိုက်တာ သမီးရယ်''

ဝမ်းနည်းကြေကွဲသံနှင့် ဒယ်ဒီဆိုခဲ့တာကို ကျူး မမေ့သေးပါ။ ကျူး မုန်းတာ ဒယ်ဒီကိုမဟုတ်ပါ။ မာမီ့ရင်ခွင်ထဲက ဒယ်ဒီကို ခေါ်ထုတ် သွားတဲ့ မိန်းမ၊ ပြီးတော့ ဒယ်ဒီ့ရဲ့ ဒုတိယသမီးကိုပဲ ဖြစ်သည်။

ဒယ်ဒီ့လုပ်ရပ်ကြောင့် ကျူး နဲ့မာမီ ဘယ်လောက် နာကျင်ခံစား ရသလဲဆိုတာ ကျူ း ပဲအသိဆုံးလေ။

ကျူး သိပ်မုန်းတဲ့ ဒုတိယ သမီးအတွက် ဒယ်ဒီမွေးနေ့ပွဲတွေ ကျင်းပပေးနေတိုင်း

ကျူး ကလည်း မာမီ မရှိတော့ပေမယ့် ကျူး ရဲ့ မွေးနေ့ပွဲလေးကို မပျက်မကွက် နှစ် တိုင်းကျင်းပ ဖြစ်ခဲ့သည်။

ဒီနေ့လည်း ကျူး မနေ့ကတည်းက မွေးနေ့ကိတ်ကို ပြင်ဆင် ထားခဲ့ပြီးပြီ။

ခါးသီးစရာကောင်းသည့် အတိတ်ပုံရိပ်တွေ ထဲက ကျူး ရုန်း ထွက်ပြီး ခုတင်ပေါ်က ဆင်းလိုက်သည်။

နံ့နက်ခင်းရဲ့ အလင်းရောင် တွေ ထိုးဝင်နေသော ပြတင်းတံခါး ဆီ လှမ်းခဲ့ရင်း ခန်းဆီးကိုဖယ်ကာ မှန်ပြတင်းကို ဖွင့်လိုက်မိသည်။

လတ်ဆတ်သန့်ရှင်းသော နံနက်ခင်းရဲ့ လေတွေ ကို ကျူး အားပါးတရ ရှူ ရှိုက်လိုက်မိသည်။ ကျူး နေထိုင်သည့် တိုက်ခန်းလေးက ရှစ်လွှာတိုက်ခန်းကြီးရဲ့ ခြောက်လွှာမြောက်အခန်းမို့ဟိုးအောက်ဘက် ပလက်ဖောင်းကို အပေါ်စီးက မြင်နေရသည်။

စောသေးသည်မို့ ပလက်ဖောင်းမှာ လျှောက်နေသော လူတွေ ကျဲပါးနေသေး၏ ။ ကျူး လေကို အားပါးတရ ရှူရှိုက်ပြီး ပြတင်းတံခါးက ခွာခဲ့သည်။

မွန်းကြပ်နေသော စိတ်တွေ လန်းဆန်းသွားအောင် ရေချိုးခန်း ဝင်ဖို့ ပြင်လိုက်သည်။ ညဝတ် ခါးစည်းအင်္ကျီရှည်ကိုချွတ်ကာ မွေးပွ သဘက်ရှည်ကြီးကို ရစ်ပတ်လိုက်သည်။

ရေချိုးခန်းဆီ လှမ်းခဲ့ရင်း စိတ်က ဖျတ်ခနဲ သတိရသွားတာ ကောင်းကင်လွှာ။ ဒယ်ဒီရဲ့ ဒုတိယသမီး 'ကောင်းကင်လွှာ'လည်း အခု လောက်ဆို မွေးနေ့ပွဲအတွက် ပြင်ဆင်နေလောက်ပြီထင်ရဲ့ ။

တင်းခနဲ ကြိတ်လိုက်မိသော သွားတွေ ကြောင့် မေးရိုးလေး တောင် မာတင်းသွားခဲ့၏ ။ ကျူး ရင်ထဲက နလုံး ကတော့ ဆစ်ခနဲ ခံစားလိုက်ရသေးသည်။

*

# အခန်း (၂)

ညတုန်းက စီစဥ်ထားတာတွေ အားလုံး မထင်မှတ်ဘဲ လွဲချော် ကုန်သည်။ ဒယ်ဒီ ကောက်ကာငင်ခါ သွေးထိုးတာကြောင့် မိသားစု ဆရာဝန်ကြီးကို ဖုန်းဆက်ခေါ်ရသည်။

သွေးတိုးရှိသော ဒယ်ဒီ မတည့်သည့်အစာတွေ စားလိုက်တာ မို့ ဆရာဝန်ကြီးက ကရုဏာဒေါသနှင့် သတိပေးသည်။ မာမီလည်း ဒယ်ဒီအတွက် စိုးရိမ်ကာ အနီးမှာ ပဲ လိုအပ်တာ ပြုစုနေရ၏ ။

ဆရာဝန်ကြီးပြန်သွားတော့ ဒယ်ဒီက မွေးနေ့ပွဲသွားဖို့ သတိပေး နေသေးသည်။ မာမီက သူ့ကိုလှည့်ကြည့်ရင်း

"သားပဲ သွားလိုက်ပါ၊ မာမီ မမော်ဆီကို စောစောကပဲ ဖုန်း ဆက်ပြီး ပြောပြထားတယ်၊ မာမီတို့ မလာနိုင်တော့လို့ သား တစ်ယောက် တည်း လွှတ်လိုက်မယ်လို့"

မာမီစကားကြောင့် သူ တွန့်ဆုတ်ဆုတ်တော့ ဖြစ်သွားခဲ့တာ အမှန်။ တကယ်ဆို အခုသွားရမည့် မွေးနေ့ရှင် မိန်းကလေးက သူ့ရဲ့ သတို့သမီးလောင်းဟု သိထားတာကြောင့်ပဲ ဖြစ်သည်။

ဒယ်ဒီနှင့် မာမီတို့ ရွေးချယ်ပေးထားသော သူ့ရဲ့ သတို့သမီး လောင်းကို သူ တစ်ကြိမ်တစ်ခါမှ မြင်တွေ့ဖူးသေးတာ မဟုတ်။

"သား တစ်ယောက် တည်း သွားရမယ် ဟုတ်လား မာမီ"

သူ့လေသံက ခပ်ရွံ့ရွံ့မို့ အကင်းပါးသော မာမီကပြုံး ကြည့်ရင်း

"သွားလိုက်ပါ သားရဲ့၊ ဒီမှာ သား ဒယ်ဒီအနားမှာ မာမီ ရှိနေမှ ဖြစ်မှာ လေ၊ ဟိုက သားကိုမျှော်နေမှာ "

"ဟုတ်တယ် သား၊ တကယ်ဆို ဒယ်ဒီတို့ စုံစုံညီညီ သွားသင့် တာ အခြေအနေက မပေးတော့ သား သွားလိုက်ပါကွာ"

ဒယ်ဒီကပါ ဝင်ပြောနေတော့ သူ နာခံစွာ ခေါင်းညိတ်လိုက်ရ သည်။ စိတ်ကတော့ တစ်ယောက် တည်း သွားရမည့် ပွဲမို့ ကြောင်စီစီတော့ နိုင်လှပါသည်။ မနေ့ကမှ မြန်မာပြည်ပြန်ရောက်လာသော သူ့အတွက် အပြင်ကို တစ်ယောက် တည်း ထွက်ရမှာတောင် စိမ်းသက်သက် ဖြစ်နေတာ အမှန်။

ဒါပေမဲ့လည်း မသွားမ ဖြစ်သော အခြေအနေမို့ ရေမိုးချိုး အဝတ်အစားလဲလိုက်ရသည်။

နက်ပြာရောင် စပို့ရှပ်လက်တိုနှင့် ဘောင်းဘီအနက်ရောင် ကိုပဲ ဝတ်ဆင်လိုက်သည်။

"သား မာမီ ဝင်ခဲ့မယ်နော်"

အခန်းအပြင်က မာမီ့အသံကိုကြားသည်။ သူ အားလုံးအသင့် ဖြစ်နေပြီမို့

"ဝင်ခဲ့လေ မာမီ၊ သား အဝတ်အစားလဲပြီး အသင့် ဖြစ်နေပါပြီ"

စေ့ထားသော အခန်းတံခါးကို တွန်းဖွင့်ပြီး မာမီ ဝင်လာသည်။ မာမီ လက်ထဲမှာ ဖဲပြားအဖြူရောင် လေးနှင့် အနီရောင် ဘူးလေး ကိုင် လာတာ သူ မြင်သည်။

"ဒီမှာ သမီးလေးအတွက် မွေးနေ့လက်ဆောင်၊ သား မေ့သွား မှာ စိုးလို့လေ၊ စိန်လက်စွပ်လေး မာမီ စီစဉ်ထားတာ"

မကြာခင် စေ့စပ်ရတော့မည့် ချွေးမလောင်းအတွက် မာမီက အားလုံးစီစဉ်ပေးထားသည်။ မာမီ ကမ်းပေးနေသော ဘူးလေးကို လှမ်း ယူရင်း သူ သတိရမိတာ အင်္ဂလန်ကမိတ်ဆွေ လူကြုံပါးလိုက်သော နာရီလေးကို ဖြစ်သည်။

"မာမီ ပေးတဲ့လက်ဆောင်ကိုမြင်မှ သားမိတ်ဆွေပေးခိုင်းထား တဲ့နာရီကို သတိရတော့တယ်၊ အခုသွားမယ့်နေရာနဲ့ လမ်းသင့်နေလို့ တစ်ခါတည်း ဝင်ပေးလိုက် မယ်"

"သိပ်မကြာဘူးဆိုရင် ဝင်လိုက်လေ သား"

"မကြာပါဘူး မာမီ၊ ပစ္စည်းဝင်ပေးရုံပါပဲ"

''အေး အေး မမော် မေးရင်လည်း သား ပြောပြလိုက်ဦးနော်၊ မာမီ သား ဒယ်ဒီ စားသောက်ဖို့ စီစဉ်ပေးလိုက်ဦးမယ် ဟုတ်လား''

မာမီ ထွက်သွားတော့မှ သူ အင်္ဂလန်က မိတ်ဆွေပေးလိုက် သော နာရီလေးကို ယူကာ ထွက်ခဲ့သည်။ မနေ့ကမှ မြန်မာပြည်ကို ပြန်ရောက်ခဲ့သော သူ့အတွက် အရာရာသည် ဆန်းသစ်သော မြင်ကွင်း တွေ ဖြစ်နေတာအမှန်။

သုံးနှစ် ကျော်ဆိုသော ကာလသည် ဘာမှမကြာလိုက်ဟု ထင် ရပေမယ့် 'အာကာသ' ဆိုသော သူ့အတွက်တော့ ဒယ်ဒီတို့ ဖြစ်စေချင် သည့် အခြေအနေတွေ အတိုင်း ကြိုး စားနိုင်ခဲ့ပါသည်။

အင်္ဂလန်မှာ စီးပွားရေး ဆိုင်ရာ ဒီပလိုမာဘွဲ့တွေ ယူနိုင်ခဲ့သည်။ မကြာခင်မှာ ဒယ်ဒီရဲ့ လုပ်ငန်းတွေ ကို သူ ဦးစီးနိုင်တော့မည် ။

တစ်ဦးတည်းသော သားအပေါ်မှာ ဒယ်ဒီနှင့် မာမီတို့က ရည် ရွယ်ချက်တွေ ကြီးမားစွာ ထားခဲ့ကြသည်။ မြန်မာပြည်မှာ ကျောင်းပြီး သည်နှင့် အင်္ဂလန်မှာ ပညာသင်စေသည်။

''ငယ်ရွယ်တဲ့အရွယ်မှာ ပညာရှာရတယ် သား၊ ဒယ်ဒီတို့ သား ကို မခွဲနိုင်ပေမယ့် ပညာတတ်စေချင်လို့ အဝေးကိုပို့ပြီး ပညာသင်ခိုင်း တာ သား ကြိုး စားနော်''

ဒယ်ဒီက သူ့အနာဂတ်အတွက် ရည်ရွယ်ချက်တွေ ကြီးမား ခဲ့သလို သူ မြန်မာပြည်မရောက်ခင်မှာ ပဲ သူ့အတွက် ဇနီးလောင်းကို ရှာထားပေးခဲ့ကြသည်။

''သားနဲ့အသင့်တော် ဆုံး ဇနီးလောင်းကို မာမီ ရှာထားတယ် သား၊ ရုပ်ရည်ကော အရည်အချင်းပါ ပြောစရာမလိုဘူး၊ မိဘတွေ က လည်း မာမီတို့နဲ့ ခင်မင်ရင်းနှီးပြီးသား၊ ကုမ္ပဏီပိုင်ရှင်ဦးဥက္ကာဗျူ ကုမ္ပဏီပိုင်ရှင်တွေ လေ၊ မာမီတို့နဲ့ စီးပွားဖက်တွေ ပဲ သား''

ဟိုးငယ်စဉ်ကတည်းက ဒယ်ဒီတို့ မာမီတို့ စကားကို နာခံ တတ်ခဲ့သော သူ့အိမ်ထောင်ရေး အတွက် မာမီ ဖွင့်ပြောလာတော့ မငြင်း ခဲ့ပါ။ မာမီတို့ ရွေးချယ်တာ သူ

မမြင်ဖူးပေမယ့် သူနှင့်ထိုက်သင့်သော ဇနီးလောင်း ဖြစ်မည် ဆိုတာ အကြွင်းမဲ့ ယုံထားခဲ့၏ ။

အခုတော့ သူ့ရဲ့ ဇနီးလောင်းကို မကြာခင်မှာ ပဲ သူ မြင်တွေ့ ဖူးတော့မှာ သေချာနေ၏ ။ မြန်မာပြည် ပြန်လာသည့်နေ့က လေယာဉ် ကွင်းအထိ သူမ လာကြိုဖို့ စီစဉ်ထားပေမယ့် သူမရဲ့ ကုမ္ပဏီအရေး ပေါ် ကိစ္စကြောင့် ပျက်ခဲ့ရ၏ ။

''ကောင်းကင်လွှာ က မာမီကို ဖုန်းဆက်ပြီး အနူးအညွှတ် တောင်းပန်နေတာ သားရဲ့ ၊ သူလေးက ကုမ္ပဏီအလုပ်တွေ ကို တာဝန်ယူ ဦးဆောင်နေရတာ လေ၊ သူ့မေမေခမြာလည်း မနက်ဖြန် လွှာလေး မွေးနေ့ ရှိလို့ မအားရှာပါဘူး၊ မနက်ဖြန်တော့ သားတို့ ဆုံကြမှာ ပေ့ါ ဟုတ်လား''

မမျှော်လင့်ထားသော လွဲချော်မှု လေးတွေ နှင့် သူတို့ ဆုံတွေ့ခွင့်က ကသီကလင်နိုင်လှသည်။ အခုလည်းကြည့် ဒယ်ဒီ့ကျန်းမာရေး ကြောင့် မာမီတောင် လိုက်မလာနိုင်ခဲ့ပါ။

ကောင်းကင်လွှာ တဲ့။

နတ်သမီးလေးလို လှပချောမောပြီး စီးပွားရေး ဘွဲ့တစ်ခု ပိုင် ဆိုင်ထားခဲ့ကာ ဥက္ကဋ္ဌ ကုမ္ပဏီကြီးကို လက်ရှိဦးဆောင်နေသည့် မိန်းကလေးတဲ့။

အဝေးမှာ ကတည်းက သူမရဲ့ အရည်အချင်းတွေ ကို မာမီ ဖုန်း နှင့် အမြဲပြောပြနေတာမို့ သူ သိထားခဲ့ပါသည်။ တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးတာကြောင့် လား မသိ။ သူ ရင်ခုန်လှုပ်ခတ်မှု မျိုးတော့ မရှိ သေးပါ။

ပညာရေး မှာ ပဲ စိတ်ကို နှစ် မြှုပ်ထားခဲ့သော သူ့နှလုံးသား အရေး ကိစ္စတွေ မှာ အရာမရှိတာကြောင့် လည်း ဖြစ်နိုင်သည်။

အတွေးတွေ က သူ ဦးတည်နေသော (...) လမ်းဆီ ရောက်ပြီ မို့ ကားလေးကို ချ ုးကွေ့ဝင်လိုက်သည်။

''ရွှေမြတ်မွန်'' ရှစ်လွှာတိုက်ကြီးကို သူ လှမ်းမြင်တွေ့လိုက်ရပါ သည်။

*

ဧည့်ခန်းလေး၏ စားပွဲပုလေးပေါ်မှာ မွေးနေ့ကိတ်တစ်လုံးက အထီးကျန်စွာ ရှိနေသည်။ ကိတ်မှာ ထိုးစိုက်ထားသော ဖယောင်းတိုင် လေးတွေ က နှစ်ဆယ့်သုံးတိုင်တိတိပဲ ဖြစ်သည်။ ဖယောင်းတိုင် မီး တောက်ဝါဝါလေးတွေ ငြိမ်သက်စွာ တောက်လောင်နေတာကို ကျူး မမိုတ်မသုန် ငေးကြည့်နေမိသည်။

တကယ့်ကို ခြောက်ကပ် အထီးကျန်ဆန်လွန်းသည့် မွေးနေ့ပွဲ လေးပါပဲ။ ဒီလိုနှစ် တွေ ကို ကျူး ရင်ဆိုင်ဖြတ်သန်းခဲ့တာ ဘယ်နနှစ် တောင် ရှိခဲ့ပြီလဲ။

ဒယ်ဒီ အနားမှာ မရှိတော့သည့် မွေးနေ့ပွဲနောက်ပိုင်းမှာ မာမီ က ရှိနေခဲ့သေးသည်။ ကျူး အနားက မာမီ ထွက်သွားပြီးသော နောင် မွေးနေ့တွေ မှာ ကျူး ဒီလို ပျော်ရွှင်မှု ကင်းမဲ့သော မွေးနေ့ပွဲကို နှစ် တိုင်း ကျင်းပ ဖြစ်သည်။

ဒယ်ဒီမရှိ၊ မာမီမရှိ ဧည့်ပရိသတ်ဆိုလို တစ်ဦး တစ်ယောက် မှ မရှိသော မွေးနေ့ပွဲကို အခန်းထဲမှာ တိတ်ဆိတ်ချောက်ချားစွာ ကျူး ကျင်းပခဲ့တာ လေးကြိမ်လေးခါ ရှိခဲ့ပြီ။

ကျူး တစ်ယောက် တည်း ဒီလို လူမသိသူမသိ ကျင်းပနေတဲ့ အချိန်မှာ ဒယ်ဒီရဲ့ ဒုတိယသမီးကလည်း သူမရဲ့ မွေးနေ့ပွဲကို ကျင်းပ နေမှာ သေချာသည်။

စန္ဒရားသံငြိမ့်ငြိမ့်လေးနဲ့ မွေးနေ့ဆုတောင်း သီချင်းသံလေးတွေ လက်ခုပ်သြဘာသံတွေ နှင့် ဒယ်ဒီ မရှိတော့ပေမယ့် သူမရဲ့ မိခင်နဲ့ ဧည့် ပရိသတ်တွေ ခြံရံပြီး ပျော်ရွှင်နေမည့် ကောင်းကင်ဘုံကို အာရုံထဲမှာ မြင်ယောင်ရင်း ကျူး ရင်ထဲမှာ နာကျင်မှု တွေ ၊ တရိပ်ရိပ်တိုးလာ၏ ။

အရင်နှစ် တွေ ကတော့ ဒီလိုမွေးနေ့ကိတ်မှာ ဖယောင်းတိုင်မီး တွေ ထွန်းပြီး ကျူး

း ဝမ်းနည်းစွာ ငိုကြွေးခဲ့ဖူးပါသည်။ အခုတော့ ကျူး ငိုကြွေးဖို့ မျက်ရည်တွေ မရှိတော့ပါ။

ရင်ထဲမှာ မျက်ရည်တွေ အစား အမုန်းမီးတွေ ပဲ ရှိသည်။ ဝမ်း နည်းကြေကွဲမှု တွေ အစား နာကျည်းခါးသီးမှု တွေ ပဲ ရှိသည်။

ကောင်းကင်လွှာဆိုသော ဒယ်ဒီရဲ့ ဒုတိယသမီးကို ကျူး သိပ် မုန်းသည်။ ထိုအမုန်းစိတ်တွေ ကြောင့် ပဲ သူမ မွေးနေ့ပွဲ ကျင်းပနေချိန်မှာ ကျူး လည်း မ ဖြစ် ဖြစ်အောင် အခန်းထဲမှာ ကျင်းပတတ်စမြဲ။

လက်ခုပ်သြဘာသံတွေ နှင့် မွေးနေ့ဆုတောင်းပေးမည့် သူ မရှိ ပေမယ့် ကျူး ကျေနပ်သည်။ ကျူး အတွက် မွေးနေ့ဆုတောင်းပေးသူ မလိုအပ်ပါ။ ကျူး နှလုံးသားမှာ အမုန်းဆုံးသော ကောင်းကင်လွှာကို နာကျည်းမုန်းတီးစိတ်တွေ ရင်ထဲ သွေးသားထဲမှာ အပြည့်မွေးမြူရင်း ကျူး ကိတ်တုံးလေးပေါ်က ဖယောင်းတိုင်မီးတွေ ကို မှု တ်ငြိမ်းမည် ။

ပြီးတော့ 'နင့်ကိုငါ အရမ်းမုန်းတယ် ကောင်းကင်လွှာ' ဟု နှုတ်က ကြိမ်းဝါးရင်း မွေးနေ့ကိတ်လေးကို ဓားပါးလေးနှင့် အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် လှီးဖြတ်မည် ။

ဒါဆို မိုးသားကျူး ရင့် ဆိုသော ကျူး ရဲ့ မွေးနေ့လေးက အောင် မြင်စွာ ပြီးဆုံးသွားပြီပဲ ဖြစ်သည်။

ကိတ်မုန့်လေးပေါ်က ဖယောင်းတိုင် မီးညွန့်လေးတွေ ကို ငေး စိုက်ကြည့်ရင်း ကျူ း အတွေးတွေ လွင့်နေတာ အတော် ကြာသွားခဲ့၏ ။ ဖယောင်းတိုင်လေးတွေ တောင် သုံးပုံတစ်ပုံခန့် လောင်ကျွမ်းသွားပြီ။

ဖယောင်းမီးတွေ မှု တ်ကာ ငြိမ်းသတ်ဖို့ ကျူး ပြင်ဆင်လိုက် တုန်းမှာ ပဲ အခန်းတံခါးဆီက လူခေါ်ဘဲလ်လေး ထမြည် လာ၏ ။

ကျူး မင်သက်လို့ ပိတ်ထားသော တံခါးကိုငေးငေးလေး ကြည့် နေမိသေးသည်။ ဘယ်သူလဲ။ ဒီလိုနေ့မျိုးမှာ ဘယ်သူဘယ်ဝါမှ ကျူး ဆီ လာလည်ဖို့ မရှိပါ။ မရှိအောင်လည်း ကျူ း က ကြိုတင်စီစဉ်ထားတတ်တာ ဖြစ်သည်။

ဘဲလ်သံလေးက ထပ်မြည် နေပြန်၏ ။ ကျုး တံခါးဆီ လျှောက် သွားကာ ဖွင့်ပေးလိုက် တော့

"ဟင်"

"ဒါ အခန်း ၅ ဗ ဟုတ်ပါတယ်နော်"

တည်ငြိမ်ကြည်လင်သော မေးသံနှင့်အတူ ကျုး ရှေ့မှော က်မှာ မြင်နေရသော လူရွယ်ကို စက္ကန့်ပိုင်းလေးမှာ ကျုး အကဲခတ်ကြည့်မိ ပြီး ဖြစ်သွား၏ ။ ဘေးခွဲဆံပင်တိုတိုက သေသေသပ်သပ်လေးမို့ ရှင်းသန့် ချောမောသော မျက်နှာက ထင်းရှင်းနေ၏ ။

စိမ်းမှော င်နေသော မျက်ခုံးတွေ အောက်က မျက်ဝန်းတွေ က ကြည်လင်တောက်ပနေသည်။ နာတံက စင်းပြီးပေါ်လွင်ကာ နီမြန်းစိုလဲ့ သော နှုတ်ခမ်းလေးတွေ က ပြုံး ရိပ်ထင်၏ ။

နားသယ်စပ်မှာ မေးဖျားအထိ စိမ်းမြနေသော ပါးသိုင်းရေး ရေး က ယောက်ျားပီသမှု ကို ပေါ်လွင်စေပြန်သည်။ ဝတ်ဆင်ထားသော အဝတ်အစားနှင့် မြင့်မားသော အရပ်အမောင်းက ကျစ်လစ်သန်မာ သော ကိုယ်ဟန်နှင့် တကယ့်ကို ကြည့်လို့ကောင်းသော ယောကျ်ား တစ်ယောက် ။

"ဟို ဒါ အခန်း ၅ ဗ ဟုတ်ပါသလား ခင်ဗျာ"

"ရှင် ဟုတ် ဟုတ်ပါတယ်"

ကျုး အံ့သြမင်သက်နေတော့ သူ ထပ်မေးတာမို့ ကသော က မျောလေး ခေါင်းညိတ်ဖြေလိုက်ရ၏ ။

"ကျွန်တော် ဦးမြတ်ဇော်က လွှတ်လိုက်တဲ့ သူ့မိတ်ဆွေပါ၊ ကျွန်တော် တို့ ခဏထိုင်စကားပြောလို့ရမလားဟင်"

ခင်မင်နှစ် လိုဖွယ်ကောင်းသော သူ့အသံတွေ ထဲမှာ ကျုး တိမ်း မောပါသွားခဲ့သည်လား မသိပါ။ သူ့စကားကို ခေါင်းညိတ်လက်ခံမိရင်း အခန်းထဲဝင်ဖို့ ခွင့်ပြု

လိုက်မိတဲ့အထိ။

"ဟုတ်ကဲ့ အထဲဝင်ထိုင်ပါဦးရှင်"

ကျုး ခွင့်ပြုတော့ သူ အခန်းထဲကို လှမ်းဝင်သည်။ မျက်ဝန်း တွေ က ဧည့်ခန်းစားပွဲလေးပေါ်က မွေးနေ့ကိတ်နှင့် ဖယောင်းတိုင်တွေ ဆီ ရောက်ကာ သူ့မျက်နှာက အံ့သြရိပ်တွေ ဖြာသွားခဲ့၏ ။

"ဟို ဒါ မွေးနေ့ပွဲအတွက်လား ဟင်"

"အင်း ကျွန်မ မွေးနေ့ပွဲကျင်းပနေတာလေ"

သူ့မျက်ဝန်းတွေ အထိ အံ့သြရိပ်တွေ ဖြာသွားခဲ့ကာ ဧည့်ခန်းထဲ ကို ဝေ့ဝဲကြည့်လိုက်တာ ကျုး သတိထားမိ၏ ။ မွေးနေ့ပွဲရဲ့ ဧည့်ပရိသတ် တွေ ကို မတွေ့တာကြောင့် ပဲ ဖြစ်မည် ။

"အံ့သြနေတာလား အဟင်း၊ ကျွန်မ တစ်ယောက် တည်း ကျင်းပတဲ့ မွေးနေ့ပွဲလေးကို မဖိတ်ခေါ်ဘဲ ရောက်လာတာ ရှင်ပဲလေ ထိုင်ပါ"

သူ ခေါင်းလေးညိတ်ကာ ဧည့်ခန်းဆိုဖာမှာ ဝင်ထိုင်သည်။ တစ်ဝက်ကျုးလုမတတ် တငွေ့ငွေ့လောင်နေဆဲ ဖယောင်းတိုင်လေးတွေ ကို တစ်လှည့် ကျုး ကိုတစ်လှည့်ကြည့်ကာ နားလည်ရခက်နေပုံရသည်။

"ကျွန်မ ဖယောင်းမီးတွေ မှုတ်ခါနီး ဘဲလ်သံကြားလိုက်ရတာ လေ"

ကျုး စကားကြောင့် သူ တကယ်ပဲ အားနာသွားဟန်နှင့် ကသော ကမျောလေး တောင်းပန်တော့သည်။

"ဆော ဆောရီး ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ လုပ်ပါ ခင်ဗျား မွေးနေ့ကို ဆက်ကျင်းပပါ၊ ကျွန်တော့် ကြောင့် အနှောင့်အယှက် မ ဖြစ်ပါနဲ့၊ လုပ်ပါ"

"ရပါတယ် ရှင့်ကြောင့် အနှောင့်အယှက်လို့ ကျွန်မ မသတ်မှတ် ပါဘူး၊ ခဏလေးနော် ဖယောင်းမီးတွေ ကျွန်မ ငြိမ်းထားလိုက်ချင်လို့"

ကျုး ပြောရင်း မွေးနေ့ကိတ်လေးပေါ်က ဖယောင်းမီးတွေ ကို မှု တ်ကာ ငြိမ်းသတ်လိုက်သည်။ ကိတ်လေးပေါ်က ဖယောင်းတိုင်လေးတွေ အားလုံး မီးငြိမ်းသွားတော့ ညင်သာဖွဖွတီးလိုက်သော သူ့လက်ခုပ်သံကို ကျုး အံ့သြစွာ ပဲ ကြားလိုက်ရသည်။

''ဖြောင်း ဖြောင်း ဖြောင်း''

''ဟက်ပီးဘတ်ဒေး တူယူ ၊ ပျော်စရာမွေးနေ့ပါဗျာ''

ကျုး မင်တက်တက်လေး သူ့ကိုငေးကြည့်နေမိဆဲ။ အပြုံး တွေ ဖြာနေသော သူ့မျက်ဝန်းတွေ က ကျုး ကို စူးစူးနစ်နစ်လေး ငေးစိုက်ကြည့် ရင်း

''မဖိတ်ခေါ်ဘဲ ရောက်လာပေမယ့် ကျွန်တော် ဆုတောင်းပေးပါ ရစေ၊ ခင်ဗျားရဲ့ နှစ် ဆယ့်သုံးနှစ် မြောက် မွေးနေ့ရက်မြတ်လေးမှ နောင် နှစ် တစ်ရာကျော်တိုင် ပျော်ရွှင်ချမ်းမြေ့ပါစေဗျာ''

''ကျေးဇူးတင်ပါတယ် ကို''

''ကျွန်တော့် နာမည် အာကာသ ပါ''

''ဟုတ်ကဲ့ ကျုး နာမည် က မိုးသားကျုး ရင့်ပါ အာကာသ၊ ကျုး သိပ်အံ့သြနေတယ်၊ ဘယ်ဧည့်သည်ပရိသတ်မှမပါဘဲ ကျုး မွေးနေ့ပွဲ လေး ကျင်းပခဲ့တာ လေးကြိမ်လေးခါ ရှိပြီ၊ ရှင် ဒီနေ့ မမျှော်လင့်ဘဲ အခန်းတံခါးဘဲလ်ကို လာတီးလိုက်တာ တကယ့် အံ့သြစရာကောင်းတဲ့ တိုက်ဆိုင်မှု ပဲ''

''ကျွန်တော် လည်း အံ့သြမယုံနိုင်အောင် ဖြစ်နေတယ် ကျုး ''

ကျုး အမည် ကို သူ့နှုတ်က ခေါ်လိုက်တာ သတိထားမိသလို သူ့မျက်ဝန်းတွေ ထဲက နှစ် လိုဖွယ်ကောင်းသော အရိပ်တွေ ကိုလည်း ကျုး မြင်တွေ ့နေရသည်။ ဘာကြောင့် မှန်းမသိ။ ကျုး ရင်ထဲမှာ သူ ရောက် လာသည့်အတွက် ကျုး မွေးနေ့လေးက အသက်ဝင်သွားသလို ခံစား နေရသည်။

ကိတ်လေးပေါ်က ဖယောင်းတိုင်တွေ ကို သူ အသေအချာ ရေတွက်ထားတာမို့

ကျုး ရဲ့ (၂၃)နှစ် မြောက် မွေးနေ့လေးဟု သူ သိသွား တာ ဖြစ်မည် ။ ဒီလို အလေးအနက်ထားမှု လေးအတွက် ကျုး သူ့ကို ပိုလို့ခင်မင်သွားခဲ့တာလည်း ဝန်ခံရမည် ဖြစ်သည်။

"ခဏလေးနော် အာကာသ၊ ကျုး ကျွေးမွေးတဲ့ မွေးနေ့ကိတ် လေးကိုတော့ ဒါနမြောက်အောင် ချိုးမြှင့် သွားပါဦးနော်"

ပြောရင်း ကျုး ကိတ်မုန့်လေးကို ဓားပါးလေးနှင့် လှီးကာ ပန်းကန်ပြားလေးထဲ ထည့်ပေးသည်။ သူက ကျုး ကမ်းပေးသော ပန်းကန် လေးကို လှမ်းယူရင်း အပြုံး မျက်နှာလေးနှင့် ခေါင်းညိတ်သည်။

"သင့်ခယူ ကျုး ၊ ဟက်ပီးဘတ်ဒေး"

"ကော်ဖီ အာကာသ ကြိုက်တယ် မဟုတ်လား၊ ခဏလေးနော် ကျုး သွားဖျော်လိုက်မယ်"

သူ့ဆီက အဖြေတောင် မကြားသေးခင်မှာ ဘဲ ကျုး မီးဖိုခန်း ဘက် ထွက်ခဲ့ပြီ ဖြစ်သည်။

ကော်ဖီကြိုက်သော ကျုး ဓာတ်ဘူးထဲမှာ ရေနွေးအသင့်၊ ကော်ဖီမှုန့်ဘူးအသင့် ဆောင်ထားတတ်တာမို့ အဆင်ပြေပါသည်။ သူ့ အတွက် ကော်ဖီတစ်ခွက် ဖျော်ခဲ့ကာ ဧည့်ခံကျွေးမွေးမိသည်။

"ကျုး က အချိုမကြိုက်တော့ သကြားမသုံးဘူး၊ နို့စိမ်းနဲ့ ခါး သက်သက်လေး ဖျော်ခဲ့တယ်၊ အာကာသ ကြိုက်ပ့်မလား"

"ကျွန်တော် လည်း အချိုမကြိုက်ပါဘူး၊ အဆင်ပြေပါတယ် ကျုး ၊ သင့်ခ်ယူပါ"

ကျုး ကျွေးမွေးသော မွေးနေ့ကိတ်လေးကို သူစားသည်။ ကော်ဖီကိုလည်း နှစ်သက် စွာ သောက်နေတော့ ကျုး ရင်ထဲမှာ ကျေနပ် သွားမိသည်။ သူ့မျက်နှာလေးကို ကျုး ငေးစိုက်ကြည့်ရင်း အရာရာကို မေ့နေမိသည့်အ ဖြစ်။

ထိုတဒင်္ဂမှာ ကျူး အမုန်းဆုံးသော ကောင်းကင်ယ္လှာသည့် လည်း ကျူး အာရုံထဲမှာ မရှိ။ ကျူး နှလုံးသားသည် ကြည်နူးခြင်းတွေ ဖြင့် လှိုက်ဖိုခုန်နေခဲ့တာတော့ သေချာသည်။

''ကျေးဇူးရှုးပဲ ကျူး ၊ ကိတ်ကော ကော်ဖီပါ အရမ်းကောင်းပါ တယ်''

''ထပ်ယူဦးလေ အာကာသ''

''တကယ် တော် ပြီ၊ ကျွန်တော့် အိမ်ကလည်း စားလာသေးလို့ပါ၊ ဒါနဲ့ ဦးမြတ်ဇော်နဲ့ကျူး က ဘာတော် သလဲဟင်''

သူ မေးလာတော့မှ ကျူး မျက်မှော င်လေး ကျုံ့ သွားရပါသည်။ သူ ပြောသော အမည် ကို ကျူး မကြားဖူးတာ အမှန်။ ကျူး သိထား သော မိတ်ဆွေတွေ ထဲမှာ ဒီနာမည် မျိုး မရှိ။

''ဦးမြတ်ဇော် ဆိုတာ ကျွန်မ မိတ်ဆွေထဲမှာ မရှိဘူး အာကာသ ရဲ့ ''

''ဟင် ဒါဆို မနှင်းဝေ ဆိုတာ ဒီအိမ်မှာ မရှိဘူးလား''

''ဟင့်အင်း ကျူး က ဒီမှာ တစ်ယောက် တည်းနေတာပါ''

ဒီတစ်ခါ မျက်မှော င်ကျုံ့ သွားသူက အာကာသပဲ ဖြစ်သည်။ ထိုင် နေရာက ခါးလေးကြွကာ ဘောင်းဘီအိတ်ထဲက တစ်စုံတစ်ခုကို ထုတ် ယူနေ၏ ။

''ကျွန်တော့် မိတ်ဆွေက ဒီပစ္စည်းလေးကို မနှင်းဝေဆီ ပို့ခိုင်း လိုက်တာ၊ အဲ ဟာ မှာ းနေပြီဗျ''

လက်ထဲက ဘူးအဖြူလေးကို သူ ပြန်ငုံ့ကြည့်ရင်း ကျူး ကို မော့ကြည့်ကာ

''ဆောရီးဗျာ၊ ကျွန်တော် အသုံးမကျတာ၊ ဒီမှာ ကြည့်လေ၊ ဘူးမှာ ရေး ထားတဲ့ နံပါတ် ၆ က မသဲကွဲတော့ ကျွန်တော် က ၅ ထင် နေတာ၊ ၆ ဗ နဲ့ ၅ ဗ မှာ းသွားတာ''

နှုတ်ကဖြေရှင်းပြနေရင်း ကျူး မြင်အောင်လည်း သူ ပြနေသေး သည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ အင်္ဂလိပ် အက္ခရာ နံပါတ် ၆ က အောက်နားမှာ မင်မဆက်ဘဲ

ဖြစ်နေတော့ ရုတ်တရက်ကြည့်လျှင် ၅ ဟု ထင်မှတ်မှား နိုင်သည်။

"အသေအချာ မကြည့်ဘဲ ကျုပ် အခန်းကို မှား ပြီး ဘဲလ်နှိပ် မိတာ အခုမှပဲ တောင်းပန်ရတော့မှာ ပဲ"

"အဟင်း ရပါတယ် အာကာသရယ်၊ ကျုပ် မွေးနေ့ပွဲလေးမှာ တစ်ဦးတည်းသော ဧည့်ပရိသတ်အ ဖြစ် ရောက်လာတာကိုပဲ ကျုပ် ကျေး ဇူးတင်ပါတယ်၊ အခန်း ၆ ဗ က ကျုပ် အခန်းအပေါ်တည့်တည့်က အခန်းလေ"

"ကျေးဇူးပဲ ကျုပ်၊ ကျွန်တော့် ကို ခွင့်ပြုပါဦး အဲ ကျုပ် မွေးနေ့ အတွက် ဟောဒီလက်ဆောင်လေးတော့ လက်ခံပေးပါ"

သူ ထိုင်ခုံက ထရပ်ရင်း ဘောင်းဘီအိတ်ထဲနှိုက်ကာ ကျုပ် ဆီ ကမ်းပေးနေသော အနီရောင် ဘူးလေးကို မယူ ဖြစ်ဘဲ ကြောင်တွေ ကြည့်နေမိသည်။ အဝါရောင် ဖဲကြိုး လေးနှင့် ချည်နှောင်ထားသော ဘူးလေးက သီးသန့်စီစဉ်လာတာမျိုး ဖြစ်နေတာက ကျုပ် ကို အံ့သြစေတာ ပဲ ဖြစ်၏ ။

"မနက်ဖြန် ကိုယ့်ညီမလေး တစ်ယောက် မွေးနေ့အတွက် စီစဉ် ထားတာပါ၊ ကျုပ် မွေးနေ့ကို မမျှော်လင့်ဘဲ တက်ခွင့်ရလိုက်တော့ ကျုပ် လက်ခံပေးပါ"

"မဟုတ်တာ မလိုပါဘူး အာကာသရယ်၊ ရှင့်ညီမလေးအတွက် ပဲ ထားလိုက်ပါ"

"မငြင်းပါနဲ့ ကျုပ်၊ မထင်မှတ်ဘဲ ခင်မင်လိုက်တဲ့ မိတ်ဆွေလို့ သတ်မှတ်ပြီး ကျုပ် လက်ခံပေးပါနော်၊ ကျွန်တော့် ညီမအတွက် ထပ်စီစဉ် လိုက်မှာ ပေါ့"

သူ ထုတ်ပေးနေတော့ ကျုပ် မငြင်းချင်တော့ဘဲ လက်ခံလိုက် မိသည်။ သူ ကျေနပ်စွာ ပြုံး ရင်း ကျုပ် ကို နှုတ်ဆက်ထွက်သွားချိန်ထိ ကျုပ် ငေးငေးလေး ရပ်ကြည့်ကျန်ရစ်ခဲ့သည်။

သူ ပေးခဲ့သော လက်ဆောင်ဘူးလေးယူကာ ကျုပ် အခန်းထဲ ပြေးဝင်ခဲ့မိသည်။ ကျုပ် အိပ်ရာခုတင်နံရံက မာမီ့ပုံတူ ပန်းချီကားက ကျုပ် ကို ပြုံး ကြည့်နေသည်။

မာမီ နှုတ်ခမ်းတွေ တကယ် ပြုံး နေတာလား။ မဲ့နေတာလား ကျူး ဝေခွဲရခက်အောင် ဖြစ်မိသည်။

''ယောက်ျားတွေ ကို အယုံမလွယ်နဲ့ သမီး၊ မာမီ့အ ဖြစ်ကိုပဲ ကြည့်လေ၊ ဆယ်နှစ်ကျော်ကာလလုံးလုံး လိမ်ညာလှည့်စားခံနေခဲ့ရတဲ့ ဘဝကြီးကို တွေးမိတိုင်း မာမီ အသည်းနာတယ်''

မာမီ နာကျင်ခံပြင်းစွာ ဆိုခဲ့သော စကားတွေ ကို ကျူး မမေ့ သေးပါ။ ဒယ်ဒီသည် မာမီနှင့် ကျူး အပေါ်မှာ ကျူး တစ်သက်နီးပါး ဟန်ဆောင်ကောင်းခဲ့တာ ဖြစ်သည်။

ကျူး ထက် တစ်နှစ် ပဲ ငယ်သော ဒယ်ဒီရဲ့ ဒုတိယသမီး ရှိနေ ခြင်းက မာမီ ပိုလို့ ရင်နာစရာ ဖြစ်ခဲ့သလို ကျူး လည်း ချောက်ချား တုန်လှုပ်ခဲ့ရသည်ပဲ။

ဒါတွေ က ကံကြမ္မာ ဖန်တီးခဲ့တာမဟုတ်။ ကောင်းကင်လွှာရဲ့ မိခင်ကပဲ ဖန်တီးခဲ့တာ ဖြစ်သည်။

ကျူး အမုန်းဆုံး လူသားနှစ် ယောက် ဖြစ်သော ကောင်းကင်လွှာ တို့ သားအမိအပေါ်မှာ ကျူး တုံ့ပြန်ခွင့်ရချင်သေးသည်။ မာမီနဲ့ကျူး နှလုံးသားတွေ ကို ဒဏ်ရာတွေ ပေးခဲ့သူ၊ ဒယ်ဒီကို ကျူး တို့ဘဝထဲက အပြီးပိုင် ခေါ်ထုတ်သွားခဲ့သူ။

ကျူး နှလုံးသားမှာ အကောင်းဆုံး ပေးဆပ်ချင်သေးသည်။

ထို့အတွက် ယောက်ျား တစ်ယောက် ရဲ့ နှောင်ဖွဲ့မှု တွေ ကို ကျူး ခံယူလို့ မ ဖြစ်သေးပါ။ အာကာသ ဆိုသော သူ့ကို ကျူး ခင်မင်ပတ်သက် မိတာ မှား သွားခဲ့ပြီ။

ဘာကြောင့် များ သူ့ရဲ့ စကားတွေ အပြုံး တွေ ထဲမှာ ကျူး သာယာသွားမိတာလဲ။ ကျူး ကိုယ်ကျူး ပြန်သတိပေးရင်း လက်ထဲက သူ ပေးခဲ့သော လက်ဆောင်ဘူးလေးကို ပြန်ငုံ့ကြည့်မိ၏ ။

ကျူး အံကို တင်းခနဲကြိတ်ကာ ဘူးလေးကို ဗီရိုထဲက အံဆွဲ ထဲထည့်ကာ သိမ်းပစ်လိုက်သည်။

ယောက်ျား တစ်ယောက် အပေါ်မှာ ကျူး နှောင်ဖွဲ့ခြင်းတွေ ကင်းစေချင်လို့ပါ အာကာသရယ်။

ရှင် ကျွန်မဘဝထဲ ဝင်မလာပါနဲ့တော့။

*

# အခန်း (၃)

ဘယ်လောက် အံ့ဩထူးဆန်းဖွယ် ဖြစ်ရပ်လဲ။ ကံတရား၏ ပဋ္ဌလက်ဆန်လွန်းစွာ လှည့်ဖြားကျီစယ်မှု ကို သူ ကြုံခဲ့ရတာ ပဲ ဖြစ်သည်။

မိုးသားကျူး ရင့် ဆိုသော သူမကိုမြင်တွေ့ ဆုံလိုက်သည့် တခဏ မှာ ပဲ သူ့ ရင်ထဲက ထူးဆန်းစွာ ဖျတ်ခနဲ ခုန်သွားခဲ့တာ သူပဲသိပါသည်။ ပြီးတော့ ထူးဆန်းပြီး အံ့ဩစရာကောင်းသော သူမရဲ့ မွေးနေ့ပွဲလေးက လည်း သူ့ကို အမှတ်တရ ဖြစ်စေခဲ့သည်။

ဘယ်သူမှ မရှိသည့် သူမရဲ့ မွေးနေ့ပွဲလေးနှင့်အတူ မွေးနေ့ရှင် သူမ ကိုယ်တိုင်ကလည်း ကြည်နူးပျော်ရွှင်မှု တွေ တစ်စက်လေးမှမရှိသည့် မျက်နှာအမူအရာနှင့် ဝတ်စားဆင်ယင်ထားတာကလည်း ဘလောက်စ် အင်္ကျီအပြာနုရောင် လေးနှင့် တစ်ပတ်နွမ်း ပါတိတ်ညိုထဘီလေးသာ ဖြစ်သည်။

ဒါ မိုးသားကျူး ရင့် ဆိုသော မိန်းကလေးရဲ့ နှစ် ဆယ့်သုံးနှစ် မြောက် မွေးနေ့တဲ့လား။ ထူးဆန်းစရာတော့ ကောင်းပါသည်။

ပကတိ ဖြောင်မျက်နှာလေးကို ဘာမှပြင်ဆင်ခြယ်သထားခြင်း မရှိဘဲနှင့်တောင် ကျူး လှပပါသည်။ မျက်ခုံးစိမ်းစိမ်းလေးတွေ က ဆေးဆွဲ ထားစရာ မလိုပါဘဲ ထင်းသည်။ မျက်တောင်ကော့ကြီးတွေ ကော့ပျံနေ သော မျက်နက်ဝန်းနှင့် စင်းပြီး သွယ်တန်းသော နှာတံ။ နှုတ်ခမ်းပါး လျှပ်လျှပ်လေးက ပိပိရိရိနှင့် အပြစ်ဆိုရက်စရာမရှိ။

ထူးထူးခြားခြား မပြင်ဆင် မဝတ်စားထားတာကပဲ သူမ နဂို အလှကို ပေါ်လွင်စေသည်ဟု သူ ထင်ပါသည်။

ကျူး ဆိုသော သူမရဲ့ မွေးနေ့ပွဲလေးကို ကံကြမ္မာရဲ့ တိုက်ဆိုင်မှု လေးကြောင့် သူ ရောက်ခဲ့ရသည်။ ဘာကြောင့် မှန်းမသိ တဒင်္ဂလေးမှာ ပဲ ကျူး ကို သူ့စိတ်က ရင်းနှီးခင်မင်သွားခဲ့တာ ထူးဆန်းသည်။

သူ့ရဲ့ သတို့သမီးလောင်းအတွက် ရည်စူးထားသော မွေးနေ့

လက်ဆောင်ပစ္စည်းလေးကိုပင် သူ ထုတ်ပေးလိုက် မိတဲ့အထိ သူမအပေါ် ခင်မင်ငြိတွယ်သွားခဲ့မိသည်။ ဒီကိစ္စကို ဒယ်ဒီနှင့်မာမီတို့သိလျှင် လုံးဝ လက်ခံနိုင်မှာ မဟုတ်ဟု သူ သိနေပေမယ့် ထိုတဒင်္ဂလေးမှာ ကျူး အပေါ် မှာ ပဲ သူ့ အာရုံ၊ အသိတရားတွေ သူမအပေါ် ငြိတွယ်သွားခဲ့တာကြောင့် ပဲ ဖြစ်သည်။

ကောင်းကင်လွှာရဲ့ ခြံဝင်းထဲကို သူ့ ကားလေး မောင်းဝင်ခဲ့ တော့ ဆင်ဝင်အောက်မှ ခြံတံခါးအထိ လမ်းမတစ်လျှောက်မှာ စီရီစွာ ရပ်ထားသော ကားလေးတွေ အတော် များ သည်။ သူ့ ဖြူ ကား လေးကို လွတ်နေသော နေရာလေးမှာ ရှာရပ်လိုက်သည်။

ကားတံခါးဖွင့်ပြီး သူ ဆင်းခဲ့ချိန်မှာ ပဲ ဧည့်ခန်းတံခါးဝမှာ ဆီးကြိုနေသော နှစ်ယောက် ကို မြင်သည်။ ဒါ ကောင်းကင်လွှာနှင့် သူ့ ရဲ့ မေမေဟု သူ့ စိတ်က သိလိုက်ပါသည်။

ရွှေကိုင်းမျက်မှန်နှင့် အသက်လေးဆယ်ကျော် အမျိုးသမီးကြီး ကော သူမရဲ့ သမီး ကောင်းကင်လွှာပါ နည်းကြနေအောင် လှပနေသလို ဝတ်ဆင်ထားသော စိန်ရတနာတွေ ပြိုး ပြိုး လက်နေသည်။

သူ့ ရဲ့ သတို့သမီး ကောင်းကင်လွှာကို သူ လျှောက်လာရင်း အကဲခတ် ကြည့်လိုက်မိ၏ ။ အဖြူရောင် ပခုံးပေါ် ဇာဝတ်စုံလေးက ထက်အောက်တစ်ဆက်တည်း ချပ်ချပ်ရပ်ရပ်လေး ဝတ်ဆင်ထားသည်။

လှပကျော့ရှင်းသော ခန္ဓာကိုယ်အလှကို ပေါ်လွင်အောင် ဝတ်စုံ လေးက လှပပါသည်။ ခြေဖမိုးအထက်မှာ တော့ အတွန့်အလိပ် အနားစ လေးတွေ က စုပုံကျသွားသည်။

ဆံနွယ်တွေ ကို ဆံထုံးမြင့်မြင့်လေး ထုံးနှောင်ကာ စိန်စီခြယ် သော ဆံညှပ်လေးက ပျိုးပျိုးလက်နေနေသည်။ ဝင်းမွတ်နည်းကြသော မျက်နှာလေးနှင့် လည်တိုင်လှလှလေး ပခုံးသားလေးတွေ ၏ အလှကို ဝတ်စုံ လေးက ပေါ်လွင်စေသည်။

လက်နှစ် ဖက်မှာ တံတောင်ဆစ်အနားထိ ရှည်သော ဇာလက် အိတ်တွေ စွပ်ထားသည်။ ဘယ်လိုပဲကြည့်ကြည့် အရပ်မြင့်မြင့် ကိုယ်ဟန် ကျော့ကျော့လေးနှင့်

ကောင်းကင်လွှာ လှပနေတာတော့ မငြင်းနိုင်ပါ။

"လာ လာ မောင်အာကာ၊ သားနောက်ကျလို့ အန်တီတို့ စိတ်ပူနေတာ၊ သမီးလေးဆို သားအိမ်ကိုတောင် ဖုန်းဆက်မေးနေသေး တယ်"

အန်တီမော်က အပြုံး တွေ နှင့် သူ့ကိုဆီးကြိုပြောသလို ကောင်း ကင်လွှာကလည်း ပန်းနုရောင် နှုတ်ခမ်းလေးတွေ လှုပသွားအောင် ပြုံး ရင်း

"လွှာတောင် မွေးနေ့ကိတ်လှီးဖို့ သ ကို စောင့်နေတာ၊ ဧည့် သည်တွေ က စုံလင်နေပြီဆိုတော့ အားနာတာနဲ့ စောစောကပဲ ငြိမ်းလိုက် ရတာ "

"ဆောရီး ကိုယ်တောင်းပန်ပါတယ် ကောင်းကင်လွှာ၊ လမ်းကြုံလို့ အင်္ဂလန်က မိတ်ဆွေလူကြုံပါးခိုင်းတဲ့ပစ္စည်းလေး ဝင်ပေးနေတာ၊ အခန်းတွေ မှာ းပြီး ချာလည်နေလို့ အချိန်တွေ နောက်ကျကုန်တာ"

"ဟုတ်လား ရပါတယ် သ ရယ်၊ လွှာ နားလည်ပါတယ်၊ အန်တီလှိုင်ကလည်း ပြောပါတယ်၊ လွှာ စိုးရိမ်တာက သ တစ်ခုခု အန္တရာယ် ဖြစ်မှာ စိုးလို့ပါ၊ သ က မနေ့ကမှ မြန်မာပြည်ပြန်ရောက်တာ လေ၊ တစ်ယောက် တည်း ထွက်လာတာ စိုးရိမ်လို့"

သူ့အပေါ် တကယ့်ကို စိုးရိမ်ပူပန်သော မျက်ဝန်းလေးတွေ နှင့် ကောင်းကင်လွှာ ပြောလို့နေသည်။ နံဘေးက သူမ မိခင်ကလည်း အပြုံး တွေ နှင့် သူတို့နှစ် ဦးကို ကြည့်နေရင်း

"ကဲ သမီးလေး၊ မောင်အာကာကို အထဲကိုခေါ်လေကွယ်၊ မတ်တပ်ကြီး အားနာစရာကောင်းပါတယ်"

"သ အထဲကိုကြွပါနော်၊ ဧည့်သည်တချို့တောင် ပြန်သွားပြီ သ ရဲ့ ၊ ဒီနှစ် မွေးနေ့ကို လွှာ အကျယ်မလုပ်ချင်လို့ အိမ်မှာ ပဲ လူနည်း နည်း ဖိတ်ပြီး လုပ်လိုက်တာလေ"

သူ့အနားက ယှဉ်တွဲ လိုက်လာရင်း ကောင်းကင်လွှာ စကားတွေ ရင်းရင်းနှီးနှီး ပြောနေသည်။ ဧည့်ခန်းထဲမှာ နီညိုရောင် ကော်ဇောကြီး အပြည့်ခင်းကျင်းလျက် စားပွဲဝိုင်းတွေ ခင်းကျင်းထားသော ကောင်းကင် လွှာရဲ့ ဧည့်ခံပွဲလေးက

အကျဉ်းသဘောဆိုပေမယ့် ခမ်းနားလွန်းပါသည်။

နဖူးစည်းမှာ ကောင်းကင်လွှာ၏ အသက်နှစ် ဆယ့်နှစ် နှစ် မြောက် မွေးနေ့ဆိုသော စာတန်းက ရွှေမှု န်လေးတွေ နှင့် ထည်ဝါနေတော့ သူ သတိရမိတာ မိုးသားကျူး ရင့်ရဲ့ မခမ်းနားလှသော မွေးနေ့ပွဲလေးကိုပဲ ဖြစ်သည်။

ဘာကြောင့်မှန်းမသိပါဘဲ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားတာလည်း အမှန်။ ကောင်းကင်လွှာထက် တစ်နှစ် ကြီးသော ကျူး ရဲ့ မွေးနေ့ပွဲလေးကို အခုလို ခမ်းနားစေချင်မိတာ သူ့ရင်ထဲက ဆန္ဒ။

''သ စားနော်၊ အားမနာနဲ့''

သူ့အနားမှာ ထိုင်ရင်း သူ့ပန်းကန်ထဲကို ကောင်းကင်လွှာ ကိုယ် တိုင် ဟင်းတွေ စုံလင်စွာ ခပ်တည့်ကျွေးမွေးနေပေမယ့် ကျူး ကျွေးမွေး သော မွေးနေ့ကိတ်လေးနှင့်ကော်ဖီတစ်ခွက်လောက် သူ အရသာခံစားလို့ မရပါ။

ထူးတော့ ထူးဆန်းပါသည်။

ကောင်းကင်လွှာဆိုသော သူ့ရဲ့ သတို့သမီးလောင်းသည် အပြစ် ဆိုရက်စရာမရှိအောင် ချောမောတာလည်း အမှန်။ အနားသပ်ညီညာ သွယ်တန်းသော မျက်ခုံးလေးတွေ ကြည်လဲ့ဝိုင်းစက်နေသော မျက်ဝန်း နှင့် နို့နှစ် ရောင် ပါးပြင်လေးတွေ က မပြင်ဆင်ဘဲလည်း လှမှာ သေချာ သည်။

နှုတ်ခမ်းလေးတွေ က ပန်းဆီရောင် ဖူးဖူးလေးနှင့် စွဲမက်စရာ ကောင်းပါသည်။ ရယ်လိုက်တိုင်း ချိုင့်ဝင်သွားသော မေးဖျားလုံးလုံးလေး အောက်က အချိုင့်လေးကလည်း စွဲဆောင်မှု တစ်ခု ဖြစ်နေ၏ ။

ဆင်ယင်ထားသော စိန်ပွင့်တွေ နှင့် မဟာဆန်လွန်းစွာ လှပ လွန်းနေသော ကောင်းကင်လွှာကို ကျူး ထက် အရင်စောစီးစွာ တွေ့ခဲ့ပါ လျှင် သူ ရင်ခုန်လှုပ်ခတ်လက်ခံမိမှာပဲ ဖြစ်သည်။

ဒါပေမဲ့ ခုချိန်မှာ ထူးဆန်းစွာ သူ့နှလုံးသားက ကောင်းကင်လွှာ အနားမှာ ရှိနေပေမယ့် ကျူး ဆီမှာ ပဲ အာရုံတွေ လွင့်နေ၏ ။ တိတ်ဆိတ် သော အခန်းလေးထဲက မခမ်းနားလှသော မွေးနေ့ပွဲလေးကိုပဲ တမ်းတ နေမိသည်။

ညှော်ခံပွဲမှာ ရှိနေသော ဧည့်ပရိသတ်တွေ ရဲ့ အကြည့်တွေ က သူနှင့် ကောင်းကင်လွှာကို တကြည့်ကြည့်နှင့် လိုက်ဖက်ညီလွန်းသည်ဟု ကြိတ်ချီးကျူး နေတာကိုလည်း ကြည်နူးကျေနပ်ခြင်း မ ဖြစ်မိပါ။

ညှော်ခံပွဲက နှုတ်ဆက်ပြန်ခဲ့သည်အထိ သူ့အတွေးကို စိုးမိုးနေ ခဲ့တာ မိုးသားကျူ း ရင့်ပဲ ဖြစ်သည်။

ကောင်းကင်လွှာ အတွက် ရည်စူးထားသော မွေးနေ့လက် ဆောင်ကလေး ကျူး ဆီ မထင်မှတ်ဘဲ ပါသွားခဲ့သလို သူ့နှလုံးသားသည် လည်း...။

*